**COVID-19 ဖြစ်ပွားမှုနှင့် ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများ အပတ်စဉ်တင်ပြဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးပြောကြားခဲ့သည့် အမှာစကားကောက်နုတ်ချက်**

နေပြည်တော် (၂၀၂၀) ပြည့်နှစ်၊ အောက်တိုဘာလ (၂၅) ရက်

- မိမိတို့နိုင်ငံ၌ COVID-19 ကြောင့် သေဆုံးသူများ၏ (၉၀) ရာခိုင်နှုန်းသည် ဆီးချို၊ သွေးတိုး၊ ကျောက်ကပ်၊ နှလုံးနှင့် သွေးကြောဆိုင်ရာရောဂါစသည့် နာတာရှည်အခံရောဂါရှိနေသူများဖြစ်သည့်အပြင် သေဆုံးသူအများစုသည် အသက်အရွယ်ကြီးသူအမျိုးသားများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊
- ထိုသို့ နာတာရှည်ရောဂါ အခံရှိသူများနှင့် အသက်အရွယ်ကြီးသူများအနေဖြင့် မိမိအိမ်တွင်သာ နေထိုင်သော်လည်း အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်ရသည့် တစ်အိမ်တည်းနေသူများထံမှ တစ်ဆင့် ရောဂါကူးစက်ခံရနေမှုများကို တွေ့ရှိရပါကြောင်း၊
- သို့ဖြစ်၍ နာတာရှည်ရောဂါရှိသူများနှင့် သက်ကြီးရွယ်အိုများအနေဖြင့် တစ်အိမ်တည်းနေထိုင်သူများနှင့် ခပ်ခွာခွာနေထိုင်ခြင်း၊ သီးခြားစားသောက်ခြင်း၊ အချိန်ခြား၍ စားသောက်ခြင်းနှင့် ဖြစ်နိုင်ပါက သီးခြားအိပ်စက်ခြင်းတို့ကို အထူးသတိပြု လိုက်နာဆောင်ရွက်ကြရန် မြို့နယ်၊ ရပ်ကွက် လက်ကိုင်အသံချဲ့စက်များအသုံးပြုကာ ကျယ်ကျယ်ပြန့်ပြန့် အသိပေးနှိုးဆော်ကြစေလိုပါကြောင်း၊
- ထိုသို့ အသိပေးနှိုးဆော်မှုများအပြင် အသွားအလာကန့်သတ်ရာနေရာ (quarantine site) များ၊ လတ်တလောအနံ့ပျောက်လက္ခဏာရှိသူများထားရှိရာစင်တာများ၊ ဆေးရုံများနှင့် COVID-19 ကုသမှုဌာနများတွင် ရောက်ရှိနေသည့် မကူးစက်တတ်သောရောဂါအခံရှိသူများတွင် သောက်လက်စဆေးဝါးများ မပြတ်လပ်စေရေး အတွက် မိမိတို့ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ၎င်းတို့အားလည်း အခြားရောဂါအခံမရှိသူများနှင့် ကွဲပြားရန်နှင့် မြင်သာစေရန် တစ်နည်းနည်းဖြင့် အမှတ်အသားပြုလုပ်ကာ ၎င်းတို့၏ရောဂါအခြေအနေကို အထူးစောင့်ကြပ်ကြည့်ရှုရမည်ဖြစ်ပါကြောင်း၊
- ဝန်ကြီးဌာနမှ မကူးစက်တတ်သောရောဂါကာကွယ်နှိမ်နင်းရေးဌာနခွဲမှ အဆိုပါစင်တာများနှင့် ဆေးရုံများသို့ ဆေးဝါးများ ဖြန့်ဝေထားသည်ဆိုသော်လည်း ရောက်ရှိမှု ရှိ၊ မရှိနှင့် ရောက်ရှိပါကလည်း ၎င်းလူနာများ သောက်သုံးမှု ရှိ၊ မရှိ အခြေအနေကိုလည်း ဆန်းစစ်သုံးသပ်ကာ လိုအပ်သလို ဆက်လက်ဆောင်ရွက်စေလိုပါကြောင်း၊

- အခြားနိုင်ငံများတွင် COVID-19 နှင့် နာတာရှည်ရောဂါအခံတို့ ဆက်စပ်သေဆုံးမှု အခြေအနေများကို လည်းကောင်း၊ ကုသမှုကုထုံးများကိုလည်းကောင်း လေ့လာဆန်းစစ် သုံးသပ်စေလိုပါကြောင်း၊
- ဝန်ကြီးဌာန၏ ဆေးရုံများနှင့် အသစ်ဖွင့်လှစ်ထားသော COVID-19 ကုသရေးဌာန (၁၅) ခုတွင် COVID-19 ကုသပေးနေခြင်းသာမက အခြားသော ရောဂါအမျိုးမျိုးအတွက် ကုသမှုလုပ်ငန်းများ လစ်ဟင်းမှု မရှိစေရေးအတွက် ဝန်ကြီးဌာနမှ ဆရာဝန်၊ သူနာပြုများနှင့် ပညာရှင်များက လိုအပ်သည်များအား ဆန်းစစ်သုံးသပ်၍ ကုသလျက်ရှိသည်မှာလည်း ကောင်းမွန်ပါကြောင်း၊
- COVID-19 ခတ်ခွဲအတည်ပြုလူနာနှင့် ထိတွေ့ခဲ့သူများအား ရှာဖွေထောက်လှမ်းမှုလုပ်ငန်းများတွင် တွေ့ကြုံရသည့်အခက်အခဲများကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များက ကူညီဖြေရှင်းပေးကာ လိုအပ်သည်များကိုလည်း ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်မှာ အထူးကောင်းမွန်ပါကြောင်း၊
- ယခုအချိန်၌ အသွားအလာကန့်သတ်ထားရာနေရာ၊ လတ်တလောအနံ့ပျောက်လက္ခဏာရှိသူများ ထားရှိရာစင်တာများနှင့် ဆေးရုံသို့ ရောက်ရှိလာသူများ နည်းပါးလာစေရေးနှင့် ကူးစက်ပျံ့နှံ့မှုကျဆင်း စေရန်အတွက် အဓိကလုပ်ဆောင်ရမည်မှာ ပြည်သူ့ကျန်းမာရေးနည်းဗျူဟာများအနက် ကျန်းမာရေး အသိပညာပေး နှိုးဆော်မှုများပင်ဖြစ်ပါသဖြင့် ဤကိစ္စအား ပိုမိုအားဖြည့် ဆောင်ရွက်စေလိုပါကြောင်း၊
- အသွားအလာကန့်သတ်ထားရာနေရာ၊ လတ်တလောအနံ့ပျောက်လက္ခဏာရှိသူများ ထားရှိရာစင်တာများ၊ ဆေးရုံများနှင့် COVID-19 ကုသရေးဌာနများ၌ လူနာများအား ခုတင်နေရာချကာ စနစ်တကျထားရှိနိုင်ရေး စီမံခန့်ခွဲမှုလုပ်ငန်းများအတွက် နေ့စဉ်ဆွေးနွေးလုပ်ဆောင်နေသည့် အဖွဲ့များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊
- အဆိုပါနေရာများ၌ လူနာများဆိုင်ရာ သတင်းအချက်အလက်များကို ပြုစုရာတွင်လည်း လွယ်ကူလျင်မြန် ရိုးရှင်းသည့် ပုံစံများဖြင့်ဆောင်ရွက်စေလိုပါကြောင်း၊
- ယင်းမှ ထွက်ပေါ်လာသည့် သတင်းအချက်အလက်များကိုလည်း ဗဟိုကူးစက်ရောဂါတိုက်ဖျက်ရေးဌာနခွဲမှ နေ့စဉ်သုံးသပ်လျက်ရှိပြီး လိုအပ်သလို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ပုဂ္ဂလိက ဓာတ်ခွဲခန်းများတွင် COVID-19 ဓာတ်ခွဲစစ်ဆေးမှုဆောင်ရွက်ခြင်းနှင့် ပုဂ္ဂလိကဆေးရုံများတွင် COVID-19 လူနာများ လက်ခံကုသမှုပေးခြင်းဆိုင်ရာ ကိစ္စရပ်များအတွက် ညှိနှိုင်းထားရှိမှုများကို သဘောတူပါသဖြင့် ဆက်လက်၍ အသေးစိတ်ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

- ယခုတင်ပြဆွေးနွေးရာတွင် လက်ရှိအခြေအနေအရပ်ရပ်အား ခြုံငုံသုံးသပ်မှုများနှင့် လိုအပ်ချက်များအား ရှင်းလင်းစွာဖြင့် တင်ပြကြရန်ဖြစ်ပါကြောင်း၊
- ယခုအချိန်၌ COVID-19 ကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ရန် အဓိကဆောင်ရွက်ရမည့်အချက်မှာ မိမိတို့ဆောင်ရွက်နေသည့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းနည်းဗျူဟာများကို တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၏ ပံ့ပိုးပါဝင်မှုများဖြင့် အထူးအားဖြည့်ဆောင်ရွက်ရမည့် အချက်ဖြစ်ပါကြောင်း၊
- လက်ကိုင်အသံချဲ့စက်များအသုံးပြု၍ ကျန်းမာရေးအသိပညာပေးနှိုးဆော်မှုများ၌ ရပ်ကွက်သူ/သားများ၊ ဈေးရောင်းသူများ၊ ဈေးဝယ်သူများ၊ စက်ရုံ/ အလုပ်ရုံအလုပ်သမားများက ကိုယ်တိုင်ပါဝင် ဆောင်ရွက်စေခြင်းဖြင့်လည်းကောင်း၊ မိမိနေအိမ်နှင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများအား အချင်းချင်း ကျန်းမာရေးအသိပညာများမျှဝေခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပါက ပိုမိုထိရောက်အောင်မြင်မည် ဖြစ်ပါကြောင်း၊
- COVID-19 ဖြစ်ပွားမှု မများပြားသေးသည့် တိုင်းဒေသကြီး/ ပြည်နယ်များအနေဖြင့်လည်း မိမိတိုင်းဒေသကြီး/ ပြည်နယ်များ၌ ဖြစ်တော့မည်ဟူသောပုံစံဖြင့် တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များ၊ သက်ဆိုင်ရာ နှီးနွှယ်ဌာနများ၊ လူမှုအဖွဲ့အစည်းများ၊ ပရဟိတစေတနာရှင်များနှင့် ပူးပေါင်းကာ ကြိုတင်ပြင်ဆင်မှုများအား အလေးထားဆောင်ရွက်ထားစေလိုပါကြောင်း၊ လိုအပ်သည် များအား ဝန်ကြီးဌာနမှ အတတ်နိုင်ဆုံးပံ့ပိုးသွားမည်ဖြစ်ပါကြောင်း။

**အစည်းအဝေးသို့ တက်ရောက်ခဲ့သူများ**

- ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်၊
- အမြဲတမ်းအတွင်းဝန် ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း၊
- ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)၊
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး)၊
- ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်)၊
- ညွှန်ကြားရေးမှူး (ကူးစက်)၊
- ညွှန်ကြားရေးမှူး (ကျန်းမာရေးအသိပညာမြှင့်တင်ရေး)၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊

- ရန်ကုန်တိုင်းဒေသကြီးအတွင်း COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်များ။

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)